## လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

### ကော်မတီ၏ သက်တမ်း

၂။ ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

### ကော်မတီ၏ လုပ်ငန်းတာဝန်များ

၃။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ အစည်းအဝေးမစတင်မီ ဖော်ပြပါ အချက်များပါဝင်သည့် အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ တင်ပြရန်–

(၁) အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၊

(၂) အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၊

(၃) အစည်းအဝေးတက်ရောက်သည့် ရာခိုင်နှုန်း။

(ခ) အစည်းအဝေးတက်ရောက်ခြင်းမပြုနိုင်၍ ခွင့်တင်ပြတောင်းခံသည့် လွှတ်တော် ကိုယ်စားလှယ်များအတွက် ခင့်ပန်ကြားချက်အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ရေးဆောင်ရွက်ရန်၊

(ဂ) အစည်းအဝေးမစတင်မီ ကိုယ်စားလှယ်များအား ကိုယ်စားလှယ်စိစစ်ရေး ကဒ်ပြားထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်၊

(ဃ) ကော်မတီသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကိုတာဝန်ခံရမည်၊

(င) လွှတ်တော်ကိုယ်စားလှယ်များမှ စည်းကမ်းသေဝပ်ရေးကိစ္စ ဖောက်ဖျက်ခြင်း ရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊

(ဆ) ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုရမည်၊

(ဇ) ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊

(ဈ) ကော်မတသည် လွှတ်တော်က အခါအားလျော်စွာပေးအပ်သော လုပ်ငန်း တာဝန်ကို ထမ်းဆောင်ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၄။ ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျင်းပရမည်။

၅။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဥ်း၍–

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဥ်း၍–

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် ကော်မတီအတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း၊ လက်မှတ်ရေးထိုးတင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ၊

(င) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သောလုပ်ငန်းနှင့်စပ်လျဥ်းသော ကော်မတီ၏အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

၇။ ကော်မတီဝင်များသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီးလွှတ်တော်၏ လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ရပိုင်ခွင့် အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။